ဂျပန်နိုင်ငံဘိုးဘွားစောင့်ရှောက်ရေးလုပ်ငန်းခွင်တွင်

လုပ်သား90000ကျော်သည်နိုင်ငံခြားသားများဖြစ်ကြသည်။၂၀၄၀ခုနှစ်သက်ကြီးရွယ်အိုလူဦးရေအမြင့်ဆုံးရောက်မည့်အချိန်တွင်ဘိုးဘွားစောင့်ရှောက်ရေးဝန်ထမ်း၅၇၀၀၀၀ခန့်လိုအပ်မည်ဟုခန့်မှန်းထားသည်။ဝန်ကြီးချုပ်တာကအိချိဆနအဲသည် စနစ်တကျအတူတကွနေထိုင်သောလူ့အဖွဲ့အစည်းကိုထောက်ခံကြောင်းပြောဆိုပြီးအမြဲတမ်းနေထိုင်ခွင့်ဗီဇာအမျိုးအစားများကိုတင်းကြပ်စေရန်အကြံပြုထားသည်။သို့သော်နိုင်ငံခြားသားဝန်ထမ်းများကိုလက်ခံခြင်းသည်အရေးအတွက်ဖြည့်တင်းဖို့သာသုံးသည့်နည်းလမ်းတစ်ခုမျှသာဖြစ်နေသလား။

နိုင်ငံခြားသားများလုပ်ကိုင်နေသောဟျိုးဂို ခရိုင်ရှိစောင့်ရှောက်ရေးလုပ်ငန်းများတွင်မွေးဖွားရာနိုင်ငံမတူညီသော်လည်းစောင့်ရှောက်သူဖြစ်စေစောင့်ရှောက်ခံရသူဖြစ်စေအပြန်အလှန်ကူညီထောက်ပံ့ကြသည့်အခြေအနေကိုတွေ့မြင်နိုင်သည်။

အင်ဒိုနီးရှားနိုင်ငံဖွားဒီတာ(အသက်30)သည်ဟိမဲဂျိမြို့ရှိအိရှိဘရှိဆေးရုံတွင်စနှစ်ကြာလုပ်ကိုင်နေသည့်ဘိုးဘွားစောင့်ရှောက်ရေးဝန်ထမ်းတစ်ဦးဖြစ်သည်။နေ့ပိုင်းစောင့်ရှောက်ရေးနှင့်ယာယီတည်းခိုသည့်နေရာစသည့်နေရာများတွင်တာဝန်ယူရသည့်ဒီတာ၏ပတ်ဝန်းကျင်သည်အမြဲအပြုံးများဖြင့်ပြည့်နှက်နေတတ်သည်။

အင်ဒိုနီးရှားမှာလက်ထပ်ခဲ့ပြီးဂျပန်ပြန်လာပြီးသိပ်မကြာခင်မှာပဲကိုယ်ဝန်ရှိနေတဲ့အကြောင်းကိုသိရပြီးဒါပေမယ့်လည်းကလေးကိုဂျပန်မှာပဲမွေးဖို့ဆုံးဖြတ်ခဲ့ပါတယ်။သို့သော်လည်းအဲကသည်ကျွမ်းကျင်လုပ်သာဗီဇာကိုအချိန်မှီမရနိုင်ခဲ့သဖြင့်မွေးရက်မတိုင်မှဂျပန်သို့အချိန်မှီမရောက်နိုင်ခဲ့ပေ။

နိုင်ငံရပ်ခြားတွင်တစ်ယာက်ထဲကလေးမွေးဖို့ဆုံးဖြတ်ခဲ့သည့်ဒီတာကိုအဘိုးအဘွားတွေကလည်း(ဒီမှာကအဘိုးအဘွားအများကြီးရှိတာမို့လို့အဆင်ပြေသွားမှာပါအကုန်ဝိုင်းပြီးစောင့်ရှောင်ပေးမှာ)လို့အားပေးစကားများပြောကြားပေးကြပါသည်။

လေးလံသည့်အရာများကိုသယ်ပေးခြင်းမြင့်တဲ့နေရာမှပစ္စည်းများကိုယူဆောင်ပေးခြင်းအစရှိသည်ဖြင့်ကူညီပေးကြပါသည်။

ဘိုးဘွားတစ်ဦးဖြစ်သူယိုးခိုးရာမဟိစခို(အသက်84)နှစ်သည်လည်းကလေးကိုအဆင်ပြေပြေချောချောမွေ့မွေ့နဲ့မွေးနိုင်ခဲ့တယ်ကြားတော့အလွန်ပင်ပျော်ရွှင်ခဲ့ရသည်ဟုဆိုပါသည်။ဒီတာသည်စောင့်ရှောက်ရေးဝန်ထမ်းလက်မှတ်စာမေးပွဲကိုဒုတိယအကြိမ်မြောက်တွင်ဖြေဆိုအောင်မြင်ခဲ့ပြီးလုပ်ငန်းခွင်မှာလဲဂုဏ်ပြုခြင်းကိုခံခဲ့ရပါသည်။(ဘိုးဘွားတွေဟာကိုယ့်ရဲ့မိဘလိုပဲသဘောထားပါတယ်)ဟုဆိုကာလုပ်ငန်းခွင်တွင်ကြိုးစားလုပ်ကိုင်လျှက်ရှိနေပါသည်။

မတူညီသည့်အရာများကိုအသိအမှတ်ပြုခြင်း

ဟျိုဂိုးခရိုင်ရဲ့ပတ်ဝန်းကျင်နှင့်လူမှုဆက်ဆံရေးဌာနမှပါမောက္ခဖြစ်သူတဘတဟိရိုရှိမှစောင့်ရှောက်သူနဲ့စောင့်ရှောက်ခံရသူရဲ့ဆက်ဆံရေးဟာလည်းအလွန်ပင်အရေးကြီးသည်ဟုဆိုပါသည်။ဒီတာလိုမျိုးစောင့်ရှောက်ခြင်းသည်တစ်ဘက်တည်းကမဟုတ်ဘဲအပြန်အလှန်ကူညီစောင်မခြင်းသည်းလည်းဘဝရဲ့အရည်အသွေးမြှင့်တင်ခြင်းဖြစ်သည်။အမျိုးမျိုးသောမတူကွဲပြားသော နောက်ခံအခြေအနေများရှိသော လူများ အလုပ်လုပ်ရန်လွယ်ကူအဆင်ပြေသော ပတ်ဝန်းကျင်ကို ဖန်တီးပေးခြင်းသည်ဂျပန်လူမျိုးများလည်းအလုပ်လုပ်ဖို့လွယ်ကူလာစေဖို့နှင့်ဆက်စပ်နေပြီးလုပ်ငန်းခွင်လည်းပိုပြီးအဆင်ပြေစေပါသည်။နိုင်ငံခြားသားများအပါအဝင်တခြားလူတွေရဲ့ဖြစ်တည်မှုကိုအသိအမှတ်ပြု၍လေးစားခြင်းသည်လည်းဘယ်လိုလုပ်ငန်းခွင်မှာမဆိုအလွန်ပင်အရေးကြီးသည်ဟုၚင်းကဆိုပါသည်။သို့သော်လည်းလတ်တလောတွင်အခြားသူများကိုအနှောက်အယှက်မဖြစ်စေခြင်းကိုလိုက်နာဖို့ယနေ့ခေတ် လူမှုအသိုင်းအဝိုင်းအတွင်း ကိုယ်တိုင်သာမက မိမိပတ်ဝန်းကျင်ရှိသူများအပေါ်ပါ တာဝန်နှင့် စည်းကမ်းများ ချမှတ်သတ်မှတ်သူများ ပိုမိုများပြားလာနေသည်ကို တွေ့ရှိနိုင်သည်။

အဲ့ဒီလိုမိမိကိုယ်ကိုတင်းကြပ်စွာထိန်းချုပ်ခြင်းသည်မိမိကိုယ်တိုင်ကိုလည်းမလေးစားနိုင်ဘဲအခြားသူများကိုလည်းလေးစားမှုလျော့နည်းလာနိုင်သည်။အဲဒီပြဿနာရဲ့ဦးတည်ချက်က နိုင်ငံခြားသားများဆီကို ဦးတည်နေသလို ထင်မြင်မိပါသည်။မတူညီသောသူများကိုအသိအမှတ်ပြုခြင်းသည်မိမိကိုယ်ကိုအသိအမှတ်ပြုခြင်းနှင့်တူသည်။အတူတကွနေထိုင်ကာအပြန်အလှန်ကူညီပံပိုးပေးနိုင်သည့်ဆက်ဆံရေးတည်ဆောက်ခြင်းသည်အနာဂတ်ကိုဖွင့်ပေးမည့်သော့ချက်ဖြစ်လာမည်မဟုတ်လော။